# ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာအက်ဥပဒေ။*

**[၁၉၅၇ ခုနှစ်၊ အက်ဥပဒေ အမှတ် ၅၄။]**

(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

*အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်။*

၁။ ။ (၁) ဤအက်ဥပဒေကို ၁၉၅၇ ခုနှစ်မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ အက်ဥပဒေ ဟုခေါ်တွင်စေရမည်။

(၂) ဤအက်ဥပဒေသည်၊ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

*အဓိပ္ပါယ်ဖော်ပြချက်။*

၂။ ။ ဤအက်ဥပဒေအကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်တို့နှင့်ဖြစ်စေ၊ မဆန့်ကျင်လျှင် —

(က) "ဆေးပညာ" ဆိုသည်မှာ ခေတ်မီလောကဓါတ်ပညာနှင့် ကိုက်ညီသည့်ဆေးပညာကို ဆိုလိုသည့်ပြင်၊ ဆေးဝါးဖြင့် ကုသသည့်အတတ်၊ ခွဲစိတ်ကုသသည့်အတတ်၊ ဝမ်းဆွဲအတတ်၊ (မီးယပ်ရောဂါကုသသည့်အတတ်)[၁] လည်း ပါဝင်သည်။

(ခ) "ကောင်စီ" ဆိုသည်မှာ ပုဒ်မ ၃ အရ၊ ဖွဲ့စည်းတည်ထောင်ထားသော (ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီ)[၂] ကို ဆိုလိုသည်။

(ဂ) "မှတ်ပုံစာရင်း" ဆိုသည်မှာ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်အရ ထားရှိ သော ဆရာဝန်မှတ်ပုံစာရင်းကို ဆိုလိုသည်။

(ဃ) "မှတ်ပုံဝင်ဆရာဝန်" ဆိုသည်မှာ၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ၊ မှတ်ပုံစာရင်းတွင် အမည်တင်သွင်းခံရသူ ဆရာဝန်တစ်ဦးဦးကို ဆိုလိုသည်။

၃။ ။ (၁) နိုင်ငံတော်သမ္မတသည် [ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီ"][၃] ဟူသောအမည်ဖြင့်၊

---

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၇ ခုနှစ် နိုဝင်ဘာလ (၉)ရက်၊ စာမျက်နှာ ၁၀၇၇။

(၁) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃၊ ၂၄-၁-၈၉) ဖြင့် အစားထိုးသည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်၊ စာမျက်နှာ-၉၄။)

(၂)၁၉၅၉ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ(ပြင်ဆင်ချက်)အက်ဥပဒေ(၁၉၅၉ ခုနှစ် အက်ဥပဒေအမှတ် ၂၄၊ ၂၁-၉-၅၉)ဖြင့် အစားထိုးသည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်၊ စာမျက်နှာ ၁၈၅၂)

(၃) ၁၉၅၉ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ(ပြင်ဆင်ချက်)အက်ဥပဒေ(၁၉၅၉ ခုနှစ် အက်ဥပဒေအမှတ် ၂၄၊ ၂၁-၉-၅၉)ဖြင့် အစားထိုးသည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်၊ စာမျက်နှာ ၁၈၅၂။)

ဆေးကောင်စီတည်ထောင် ဖွဲ့စည်းပုံ။

ကောင်စီတစ်ခုကို ဖွဲ့စည်းတည်ထောင်ရမည်။ ထိုကောင်စီသည် စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ ကောင်စီပိုင်တံဆိပ်တစ်ခုရှိသောတရားဝင်အဖွဲ့ ဖြစ်ရမည့်ပြင်၊ အဆိုပါအမည်ဖြင့် တရားစွဲဆိုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်း ခံရမည်။

(၂) မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ဆေးကောင်စီပိုင်ပစ္စည်းများနှင့် ကြွေးမြီတာဝန်အားလုံးကို ဤအက်ဥပဒေအရ ဖွဲ့စည်းသည့်ကောင်စီက ဆက်ခံရမည်။

(၃) ကောင်စီတွင်၊ [ကောင်စီလူကြီး ၁၁ဦး](၄) ပါဝင်စေရမည်။ ထိုကောင်စီလူကြီးများကို အောက်ပါအတိုင်း ခန့်ထားရမည်။

(က) ဥက္ကဋ္ဌကို နိုင်ငံတော်သမ္မတက ရွေးချယ်ခန့်ထားရမည်။

(ခ) [ကောင်စီလူကြီးငါးဦး](၅) ကို (×××××××××××) (၆) အရည်အချင်းနှင့် ပြည့်စုံသော မှတ်ပုံဝင်ဆရာဝန်များ အနက်မှ၊ နိုင်ငံတော်သမ္မတ က ရွေးချယ်ခန့်ထားရမည်။

[ရှင်းလင်းချက်။ ။ ×××××××××××××××××××××××××××××](၇)

[(ဂ) ××××××××××××××××××××××××××××××××××××××××××××××××](၈)

(ဃ) [ကောင်စီလူကြီးငါးဦး] (၉) ကို မှတ်ပုံဝင်ဆရာဝန်များက မိမိတို့အနက်မှ ရွေးကောက် တင်မြှောက်ရမည်။

---

*(၄) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃၊၂၄-၁-၈၉) ဖြင့် အစားထိုးသည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်၊ စာမျက်နှာ ၉၄။)*

*(၅) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃၊၂၄-၁-၈၉) ဖြင့် အစားထိုးသည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်၊ စာမျက်နှာ ၉၄။)*

*(၆) ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ်-၂၄၊ ၂၁-၉-၅၉) ဖြင့် ပယ်ဖျက်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်၊ စာမျက်နှာ ၉၄။)*

*(၇) ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၄၊ ၂၁-၉-၅၉) ဖြင့် ပယ်ဖျက်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်၊ စာမျက်နှာ ၁၈၅၂။)*

*(၈) ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၄၊ ၂၁-၉-၅၉) ဖြင့် ပယ်ဖျက်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်၊ စာမျက်နှာ ၁၈၅၂။)*

*(၉) ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ (ပြင်ဆင်ချက်) အက်ဥပဒေ(၁၉၅၉ ခုနှစ်၊အက်ဥပဒေအမှတ် ၂၄၊ ၂၁-၉-၅၉)အရ လည်းကောင်း၊ ၁၉၅၇ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၉၈၉ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃၊၂၄-၁-၈၉) အရလည်းကောင်း၊ အစားထိုးပြင်ဆင်သည်။*

(၄) အောက်ပါအရည်အချင်းများ မရှိခဲ့လျှင် မည်သူမျှ ကောင်စီလူကြီးဖြစ်နိုင်ခွင့် မရှိစေရ။

(က) မှတ်ပုံဝင် ဆရာဝန်ဖြစ်ခြင်း။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ခြင်း။

**ရွေးကောက်တင်မြှောက်ခြင်း။**

၄။ ။ ပုဒ်မ ၃၊ ပုဒ်မခွဲ (၃)၊ [အပိုဒ် (ဃ)][၁၀]အရ ကောင်စီလူကြီး ရွေးကောက်တင်မြှောက်ခြင်းကို ကောင်စီက နည်းဥပဒေဖြင့် သတ်မှတ်သည့် အချိန်နှင့်နေရာတွင်လည်းကောင်း၊ သတ်မှတ်သည့်စည်းကမ်းနည်းလမ်းအတိုင်းလည်းကောင်း ပြုလုပ်ရမည်။

ခြွင်းချက်။ ။ သို့ရာတွင် ပထမအကြိမ်ကောင်စီလူကြီးရွေးကောက်တင်မြှောက်ခြင်းကို နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာနှင့်သတ်မှတ်သည့် အချိန်နှင့်နေရာတွင်လည်းကောင်း၊ သတ်မှတ်သည့် စည်းကမ်းနည်းလမ်းအတိုင်းလည်းကောင်း ပြုလုပ်ရမည်။

**ကောင်စီလူကြီးများ၏ ရာထူးသက်တမ်း။**

၅။ ။ (၁) ကောင်စီလူကြီးများ၏ ရာထူးသက်တမ်းမှာ လေးနှစ် ဖြစ်ရမည်။

(၂) ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ ကောင်စီလူကြီးတိုင်း [ရာထူးသက်တမ်းတစ်ဆက်တည်း ၃ ကြိမ်အထိသာရွေးချယ်ခန့်ထားခံနိုင်ခွင့်ရှိသည်။][၁၁]

**ကောင်စီလူကြီးအဖြစ်မှ နုတ်ထွက်ခြင်း။**

၆။ ။ ကောင်စီလူကြီးတစ်ဦးသည် —

(က) နုတ်ထွက်စာကို ကောင်စီဥက္ကဋ္ဌထံ ပေးပို့လျှင်ဖြစ်စေ၊

(ခ) ကောင်စီ၏ခွင့်ပြုချက်မရရှိဘဲ၊ အစည်းအဝေးသို့ သုံးကြိမ်တိုင်တိုင် ဆက်၍ မတက်ရောက်ဘဲ ပျက်ကွက်လျှင်ဖြစ်စေ၊

(ဂ) ကောင်စီ၏ခွင့်ပြုချက်မရရှိဘဲ ပြည်ထောင်စုမြန်မာနိုင်ငံမှ ခြောက်လလုံးလုံးဆက်၍ထွက်ခွါသွားခဲ့လျှင်ဖြစ်စေ၊

---

(၁၀) ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ (ပြင်ဆင်ချက်) အက်ဥပဒေ(၁၉၅၉ ခုနှစ်၊အက်ဥပဒေအမှတ် ၂၄၊ ၂၁-၉-၅၉) ဖြင့် အစားထိုးပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်၊ စာမျက်နှာ-၁၈၅၂။)

(၁၁) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၃၊ ၂၄-၁-၈၉)ဖြင့် အစားထိုးပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်၊ စာမျက်နှာ-၉၄။)

(ဃ) မှတ်ပုံစာရင်းမှ အမည်ထုတ်ပယ်ခြင်းခံရလျှင်ဖြစ်စေ၊ ကောင်စီလူကြီးရာထူးမှ နုတ်ထွက်သည်ဟုမှတ်ယူရမည်။

၇။ လစ်လပ်သောရာထူးများတွင်ဖြည့်သွင်းခန့်ထားခြင်း။ ။ (၁) ပုဒ်မ ၆ ပါ အကြောင်းအရပ်ရပ်ကြောင့်ဖြစ်စေ၊ သေဆုံးသောကြောင့်ဖြစ်စေ၊ ကောင်စီလူကြီးတစ်ဦးဦး၏ ရာထူးလစ်လပ်သည့်အခါ၊ လစ်လပ်သောရာထူးတွင် ကောင်စီလူကြီးသစ်တစ်ဦးကို ပုဒ်မ ၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ၊ ရွေးကောက်တင်မြှောက်၍ဖြစ်စေ၊ ရွေးချယ်ခန့်ထား၍ဖြစ်စေ အကြောင်းအားလျော်စွာ ဖြည့်သွင်းခန့်ထားရမည်။

(၂) ပုဒ်မခွဲ (၁) အရ ခန့်ထားခြင်းခံရသော ကောင်စီလူကြီးသည်၊ မိမိအား ခန့်ထားသည့် နေရာတွင် ဆောင်ရွက်ခဲ့သည့်ကောင်စီလူကြီးဟောင်း၏ ရာထူးသက်တမ်းစေ့ကုန်မည့် အချိန်အထိသာ ရာထူး၌ ထမ်းရွက်ရမည်။

၈။ ကောင်စီအစည်းအဝေးများ။ ။ (၁) ကောင်စီသည်၊ မိမိအစည်းအဝေးများ ကျင်းပမည့်အချိန်နှင့် နေရာကို လည်းကောင်း၊ အစည်းအဝေးတွင်ဆောင်ရွက်ရန် အလုပ်ကိစ္စကို လည်းကောင်း၊ နည်းဥပဒေဖြင့် သတ်မှတ်ရမည်။

(၂) ကောင်စီ၏ မည်သည့်အစည်းအဝေးတွင်မဆို အစည်းအဝေး အထမြောက်ရန် လိုအပ်သော ကောင်စီလူကြီးငါးဦးမတက်ရောက်လျှင် မည်သည့်အလုပ်ကိစ္စကိုမျှ မဆောင်ရွက်ရ။

(၃) ဒုတိယဥက္ကဋ္ဌကို ကောင်စီလူကြီးများက မိမိတို့အနက်မှ ပြဋ္ဌာန်းထားသည့် နည်းလမ်း အတိုင်း ရွေးကောက်တင်မြှောက်ရမည်။

(၄) ကောင်စီအစည်းအဝေးတိုင်းတွင် ဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်း အဝေးသို့ ဥက္ကဋ္ဌမတက်ရောက်ခဲ့လျှင် ဒုတိယဥက္ကဋ္ဌက သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌနှစ်ဦးစလုံး မတက်ရောက်ခဲ့လျှင်၊ အစည်းအဝေးသို့တက်ရောက်သော ကောင်စီလူကြီးများအနက်မှ တစ်ဦးဦးကို အစည်းအဝေးတက်ရောက်သည့် ကောင်စီလူကြီးများက သဘာပတိအဖြစ် ရွေးချယ်ရမည်။

(၅) ကောင်စီအစည်းအဝေးတွင် ဆွေးနွေးကြသော ပြဿနာအရပ်ရပ်ကို အစည်းအဝေး တက်ရောက်မဲပေးသော ကောင်စီလူကြီးများ၏ မဲများရာဖြင့်ဆုံးဖြတ်ရမည်။ မဲအရေအတွက် တူညီနေ သောအခါ သဘာပတိအဖြစ် ဆောင်ရွက်သည့် ကောင်စီလူကြီးသည် အနိုင်မဲဖြင့် ဆုံးဖြတ်ရမည်။

၉။ ။ ကောင်စီလူကြီးများအား၊ ကောင်စီအစည်းအဝေးများသို့ တက်ရောက်ရသည့်အတွက် ပေးသည့်ကြေးငွေများကိုလည်းကောင်း၊ အကြောင်းအားလျော်စွာကုန်ကျသောခရီးစရိတ်များကိုလည်းကောင်း၊ ကောင်စီက နည်းဥပဒေဖြင့် သတ်မှတ်သည့်အတိုင်းပေးရမည်။

ကောင်စီလူကြီးများအား ပေးရမည့်ကြေးငွေ။

၁၀။ ။ (၁) နိုင်ငံတော်သမ္မတ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် —

မှတ်ပုံတင်အရာရှိနှင့် အမှုထမ်းအဖွဲ့။

(က) ကောင်စီသည် မှတ်ပုံတင်အရာရှိတစ်ဦးကို ခန့်ထားရမည်။ ထိုမှတ်ပုံတင်အရာရှိသည် အတွင်းရေးမှူးအဖြစ်ဖြင့်လည်းကောင်း၊ ကောင်စီက အခြားသူတစ်ဦးတစ်ယောက်အား ဘဏ္ဍာထိန်းအဖြစ်မခန့်ထားခဲ့လျှင်၊ ဘဏ္ဍာထိန်းအဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ရမည်။

(ခ) ကောင်စီသည်၊ ဤအက်ဥပဒေပါ ကိစ္စများအလို့ငှာ မိမိလိုအပ်သည် ထင်မြင် သည့် အခြားအရာရှိများ၊ စာရေးစာချီများ၊ အောက်တန်းအမှုထမ်းများကိုလည်း ခန့်ထားနိုင်သည်။

(၂) ထိုသို့ ကောင်စီက ခန့်ထားသူအသီးသီးမှာ ကောင်စီက နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့် သတ်မှတ်သည့်လစာနှင့် စရိတ်ကြေးငွေများကို ရရှိစေရမည်။ ထို့ပြင် ၎င်းတို့အား ကောင်စီ၏ သဘောအတိုင်း ရာထူးမှ ထုတ်ပယ်နိုင်စေရမည်။

(၃) ဤပုဒ်မအရ ခန့်ထားသူအသီးသီးကို ရာဇသတ်ကြီး ပုဒ်မ ၂၁ ၏ အဓိပ္ပါယ်အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၁၁။ ။ မှတ်ပုံတင်အရာရှိသည် ဆရာဝန်မှတ်ပုံစာရင်းကို ကောင်စီက ညွှန်ကြားသည့် ပုံစံအတိုင်း ထားရှိရမည်။

မှတ်ပုံစာရင်း။

၁၂။ ။ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မည်သူမဆို —

မှတ်ပုံတင်ပိုင်ခွင့်ရှိသူများ။

(က) စိတ္တဇရောဂါစွဲကပ်သူ၊ သို့တည်းမဟုတ် တွေဝေထိုင်းမှိုင်းစေသော ဆေးစွဲသူ မဟုတ်လျှင်၊

(ခ) နားမကြားသူ၊ ဆွံ့အသူ၊ သို့တည်းမဟုတ် မျက်မမြင်သူ မဟုတ်လျှင်၊ ထို့ပြင်

(ဂ) ဤအက်ဥပဒေ၏ ဇယားတွင် ဖော်ပြထားသည့်အရည်အချင်းတစ်ရပ်ရပ်နှင့် ပြည့်စုံသူဖြစ်လျှင်

ကောင်စီက နည်းဥပဒေဖြင့် သတ်မှတ်သည့်အခကြေးငွေကို ပေးဆောင်သည့်အခါ၊ မိမိ၏အမည်ကို မှတ်ပုံစာရင်းတွင် တင်သွင်းပိုင်ခွင့် ရှိရမည်။

ခြွင်းချက်။ ။ သို့ရာတွင် (၁) မှတ်ပုံတင်အရာရှိသည်၊ မှတ်ပုံစာရင်းတွင် အမည်တင်သွင်းရန် လျှောက်လွှာတင်သွင်းသူ တစ်ဦးတစ်ယောက်နှင့်စပ်လျဉ်း၍၊ ကောင်စီက ပုဒ်မ ၂၁၊ ပုဒ်မခွဲ(၁) အရ အရေးယူလိုသည့် အကြောင်းရှိမည်ဟု မိမိယူဆလျှင်၊ ထိုသူ တင်သွင်းသည့် လျှောက်လွှာကို ကောင်စီသို့ဆုံးဖြတ်ရန် လွှဲအပ်ရမည်။ ကောင်စီက မှတ်ပုံတင်အရာရှိအား ထိုသူနှင့် စပ်လျဉ်း၍ မှတ်ပုံစာရင်းတွင် ရေးသွင်းခွင့်ပြုသည်ဟု အကြောင်းမကြားသေးသမျှ ကာလပတ်လုံး အမည်တင်သွင်းခြင်း အလျဉ်းမပြုရ။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံရှိ နိုင်ငံခြားမစ်ရှင်အဖွဲ့တစ်ခုခုတွင် အမှုထမ်းရွက်သူ တစ်ဦးတစ်ယောက်မှာ၊ ဤအက်ဥပဒေ၏ဇယားတွင် မပါဝင်သည့် တက္ကသိုလ်၊ ဆေးအတတ်သင်ကောလိပ်ကျောင်း၊ သို့တည်းမဟုတ် ဆေးကျောင်း၊ သို့တည်းမဟုတ် ဆေးပညာအတွက် ဖွဲ့စည်းထားသောအသင်းက ပေးသော ဆေးပညာဘွဲ့၊ ဒီပလိုမာလက်မှတ်၊ သို့တည်းမဟုတ် အခြားလက်မှတ်ရရှိသူ ဖြစ်သည်ဟု ကောင်စီက ကျေနပ်လျှင်၊ နိုင်ငံတော်သမ္မတသည်၊ ကောင်စီနှင့် ညှိနှိုင်းတိုင်ပင်၍၊ ထိုသူအား မှတ်ပုံတင်ခွင့်ပြုနိုင်သည့်အပြင်၊ ထိုသို့ မှတ်ပုံတင်ခြင်းသည်လည်း ထိုသူနိုင်ငံခြားမစ်ရှင်အဖွဲ့တွင် ဆက်လက်အမှုထမ်းရွက်နေသမျှ ကာလအတွက်သာ အတည်ဖြစ်စေရမည်ဟု ညွှန်ကြားနိုင်ရမည်။

(၃) တစ်ဦးတစ်ယောက်သော သူ၏ မှတ်ပုံတင်ခွင့်ရရန် အရည်အချင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံရှိ တက္ကသိုလ်ကသော်လည်းကောင်း၊ နိုင်ငံတော်အစိုးရကသော်လည်းကောင်း၊ အပ်နှင်းသော ဆေးပညာဘွဲ့၊ ဒီပလိုမာ လက်မှတ်၊ သို့တည်းမဟုတ် အခြားလက်မှတ်များကို အသိအမှတ်မပြုသော တိုင်းတပါးမှ ရရှိသည့် အရည်အချင်းမျှသာ ဖြစ်လျှင်၊ ထိုသူမှာ ကောင်စီကခန့်ထားသော "အထူးစာစစ်သူများအဖွဲ့" ကကျင်းပသည့် စာမေးပွဲကို အောင်မြင်မှသာလျှင်၊ မိမိ၏အမည်ကို မှတ်ပုံစာရင်းတွင် တင်သွင်းခွင့် ရရှိစေရမည်။

ပညာသင်ကြားရေးတွင်ရှား ကျေပွန်မှုနှင့်ဆိုင်သော အကြောင်းအရာကို တောင်းဆိုခြင်းနှင့် စာမေးပွဲများသို့ သွားရောက်ကြည့်ရှုခြင်း ပြုနိုင်သည့် ကောင်စီ၏ အာဏာ။

၁၃။ ။ ကောင်စီမှာ ဤအက်ဥပဒေ၏ ဇယားတွင်ပါဝင်သော၊ သို့တည်းမဟုတ် ပါဝင်လိုသော တက္ကသိုလ်၊ ဆေးအတတ်သင် ကောလိပ်ကျောင်း၊ သို့တည်းမဟုတ် ဆေးကျောင်းဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အား၊ သို့တည်းမဟုတ် အာဏာပိုင်များအား၊ အောက်ပါကိစ္စများကို ဆောင်ရွက်ရန်ဆင့်ဆိုနိုင်သည့် အခွင့်အာဏာ ရှိစေရမည်။

(က) ထိုတက္ကသိုလ်၊ ဆေးအတတ်သင်ကောလိပ်ကျောင်း၊ သို့တည်းမဟုတ် ဆေးကျောင်းတွင် ဆေးဝါးနှင့်ကုသသည့်အတတ်၊ ခွဲစိတ်ကုသသည့်အတတ်၊ ဝမ်းဆွဲအတတ်နှင့် (မီးယပ်ရောဂါကုသသည့်

အတတ်)[၁၂] တို့ကို ကောင်းမွန်စွာသင်ကြားပို့ချသည့် အခြေအနေရှိမရှိ ဆုံးဖြတ်နိုင်ရန် ကောင်စီက လိုအပ်သည့် အစီရင်ခံစာများကို သော်လည်းကောင်း၊ အစီရင်ခံစာရင်းများကိုသော်လည်းကောင်း၊ အခြား အကြောင်းအရာများကိုသော်လည်းကောင်း၊ ကောင်စီအား ကြားသိစေရန် ကိစ္စ၊ ထို့ပြင်

(ခ) ထိုတက္ကသိုလ်၊ ဆေးအတတ်သင်ကောလိပ်ကျောင်း၊ သို့တည်းမဟုတ် ဆေးကျောင်းက ကျင်းပသော စာမေးပွဲများတွင် ကောင်စီကခန့်အပ်စေလွှတ်သည့် ကောင်စီလူကြီးတစ်ဦး၊ သို့တည်းမဟုတ် အများကိုဖြစ်စေ၊ အခြားသူတစ်ဦး၊ သို့တည်းမဟုတ် အများကိုဖြစ်စေ၊ ၎င်းတို့၏တာဝန်များကို ဆောင်ရွက်နိုင်စေရန် အလို့ငှာ၊ အခွင့်အလမ်းပေးရန် ကိစ္စ။

ဇယားကို ပြင်ဆင်ခြင်း။

၁၄။ ။(၁) တက္ကသိုလ်၊ ဆေးအတတ်သင်ကောလိပ်ကျောင်း၊ ဆေးကျောင်း၊ စာစစ်အဖွဲ့၊ သို့တည်းမဟုတ် ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အခြားအသင်းတစ်ခုခုက အရည်အချင်းရှိသည်ဟု ပေးအပ်သည့် သက်သေခံလက်မှတ်သည်၊ အဆိုပါ အရည်အချင်းရှိသူမှာ ကောင်းမွန်စွာဆေးကုသနိုင်လောက်အောင် လိုအပ်သည့်အသိပညာ နှင့် ကျွမ်းကျင်မှုရှိကြောင်း ယုံကြည်စိတ်ချလောက်သည်ဟု ကောင်စီက ကျေနပ်လျှင်၊ ထိုအရည်အချင်းနှင့် ပြည့်စုံသူအား၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ၊ မိမိ၏အမည်ကို မှတ်ပုံစာရင်းတွင် တင်သွင်းစေရမည်။

(၂) ပုဒ်မ ၁၃ တွင် ဖော်ပြသည့်တက္ကသိုလ်၊ ဆေးအတတ်သင်ကောလိပ်ကျောင်း၊ သို့တည်းမဟုတ် ဆေးကျောင်း၊ ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အား၊ သို့တည်းမဟုတ် အာဏာပိုင်များအား၊ အဆိုပါ ပုဒ်မတွင် ဖော်ပြသည့်အကြောင်းအရာ၊ သို့တည်းမဟုတ် အခွင့်အလမ်းများကို မပေးလို ငြင်းဆိုလျှင်၊ ထိုသို့မပေးလို ငြင်းဆိုသည့် အကြောင်းကို ကောင်စီက နိုင်ငံတော်သမ္မတထံ အစီရင်ခံနိုင်သည်။ ထိုသို့ အစီရင်ခံသည့်အခါ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍၊ ထိုသို့ ငြင်းဆိုသည့် တက္ကသိုလ်၊ ဆေးအတတ်သင်ကောလိပ်ကျောင်း၊ သို့တည်းမဟုတ် ဆေးကျောင်းများက အရည်အချင်းရှိသည်ဟု ပေးအပ်သည့် သက်သေခံလက်မှတ်ရရှိခြင်းကြောင့် ထိုသို့အရည်အချင်းရှိသူမှာ မှတ်ပုံစာရင်းတွင် အမည်တင်သွင်းခွင့် မရရှိစေရဟု ကြေညာရမည်။ ထိုအခါ ထိုသို့ငြင်းဆိုသည့် တက္ကသိုလ်၊ ဆေးအတတ်သင်ကောလိပ်ကျောင်း၊ သို့တည်းမဟုတ် ဆေးကျောင်းများမှ ပေးအပ်သည့် ဆေးပညာ စသည့်အရည်အချင်းကို ဤအက်ဥပဒေ၏ဇယားမှ ပယ်ဖျက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၁၂) ၁၉၅၇ ခုနှစ် မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၉၈၉ ခုနှစ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၃၊ ၂၄-၁-၈၉)ဖြင့် အစားထိုးသည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်၊ စာမျက်နှာ ၉၄။

၁၅။ ။ မည်သူမဆို မိမိ၏အမည်ကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရန် လျှောက်ထားလျှင်-

(၁) မိမိမှာ မှတ်ပုံတင်နိုင်ခွင့်ရှိသည့် ဆေးပညာဘွဲ့ စသည့် အရည်အချင်းများနှင့်
မှတ်ပုံတင်ရန်လျှောက်ထားခြင်း။ ပြည့်စုံကြောင်းကို မှတ်ပုံတင်အရာရှိ ကျေနပ်အောင် ပြုလုပ်ရမည်။

(၂) မိမိသည် နိုင်ငံခြားဆေးဘက်ဆိုင်ရာ အက်ဥပဒေတစ်ခုခုအရ မှတ်ပုံတင်ထားခဲ့လျှင်—

(က) ထိုသို့မှတ်ပုံတင်သည့်နေ့ရက်ကို မှတ်ပုံတင်အရာရှိအား မှန်ကန်စွာ အကြောင်းကြားရမည်။

(ခ) မည်သည့်ဆေးပညာဘွဲ့ စသည့်အရည်အချင်းများကို အခြေပြု၍၊ မိမိ မှတ်ပုံတင်ထားခဲ့ကြောင်းကိုလည်းကောင်း၊ ထိုဆေးပညာဘွဲ့စသည့်အရည်အချင်းများကို မည်သည့်နေ့ရက်တွင် မိမိရရှိကြောင်းကိုလည်းကောင်း၊ မှန်ကန်စွာ ဖော်ပြ၍ မှတ်ပုံတင်အရာရှိအား အကြောင်းကြားရမည်။

(ဂ) မှတ်ပုံတင်ခြင်းနှင့် သက်ဆိုင်သည့် အခြားအကြောင်းအရာတစ်ခုခုကို မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

၁၆။ ။ မှတ်ပုံတင်အရာရှိသည် —

(၁) မှတ်ပုံစာရင်းတွင် ဤအက်ဥပဒေအရ မှတ်ပုံတင် ထားသူအသီးသီး၏ အမည်၊
မှတ်ပုံစာရင်းထားရှိခြင်း။ နေရပ်နှင့် ဆေးပညာဘွဲ့စသည့် အရည်အချင်းများကိုလည်းကောင်း၊ ထိုအရည်အချင်း အသီးသီးရရှိသည့် နေ့ရက်ကို လည်းကောင်း ရေးသွင်းရမည်။

(၂) ထိုသို့ ရေးသွင်းထားသည့် အကြောင်းအရာများတွင် လိုအပ်သည့်ပြင်ဆင်ချက်များကို ထည့်သွင်းရမည်။

(၃) မှတ်ပုံဝင်ဆရာဝန်က၊ ၎င်းအား မှတ်ပုံတင်ပြီးနောက်မှ ထပ်မံရရှိကြောင်း ထင်ရှားအောင်ပြနိုင်သည့် ဆေးပညာဘွဲ့စသည့် ထပ်ဆင့်အရည်အချင်းကို ကောင်စီကသတ်မှတ်သည့် အခကြေးငွေပေးဆောင်သည့်အခါ၊ ထိုထပ်ဆင့်ဆေးပညာဘွဲ့စသည့်အရည်အချင်းကို မှတ်ပုံစာရင်းတွင် ရေးသွင်းရမည်။

(၄) သေဆုံးသွားသည့် မှတ်ပုံဝင်ဆရာဝန်အားလုံး၏ အမည်များကိုလည်းကောင်း၊ ပုဒ်မ ၁၉၊ ၂၀၊ သို့တည်းမဟုတ် ၂၁ ပါ ပြဋ္ဌာန်းချက်များအရ ကောင်စီက ထုတ်ပယ်ရန် အမိန့်ချမှတ်ထားသည့် မှတ်ပုံဝင်ဆရာဝန်

အားလုံး၏ အမည်များကိုလည်းကောင်း၊ မှတ်ပုံစာရင်းမှ ထုတ်ပယ်ရမည်။ ထို့ပြင်

(၅) မည်သည့်မှတ်ပုံဝင်ဆရာဝန်ထံမဆို၊ ဆေးကုသခြင်းလုပ်ငန်း လုပ်မလုပ်၊ သို့တည်းမဟုတ် နေရပ်ပြောင်းမပြောင်း။ စုံစမ်းမေးမြန်းသောစာကို၊ ၎င်း၏ မှတ်ပုံတင်လိပ်စာအတိုင်း၊ စာပို့တိုက်မှ ရေစစ္စတြီပြုလုပ်၍ ပေးပို့နိုင်သည်။ အဆိုပါစာကို ပေးပို့ပြီးသည့်နေ့ရက်မှ ၆ လအတွင်း ပြန်စာမရလျှင်၊ မှတ်ပုံတင်အရာရှိသည် ထိုမှတ်ပုံဝင်ဆရာဝန်၏အမည်ကို မှတ်ပုံစာရင်းမှ ထုတ်ပယ်နိုင်သည်။ သို့ရာတွင် ထိုမှတ်ပုံဝင်ဆရာဝန်က မှတ်ပုံတင်အရာရှိ၏ စာအတိုင်းမလိုက်နာဘဲနေခြင်းနှင့် စပ်လျဉ်းသည့်အကြောင်းပြချက်များကို မှတ်ပုံတင်အရာရှိက ကျေနပ်လျှင်၊ မည်သည့်အခါမဆို ထိုဆရာဝန်၏ အမည်ကို၊ မှတ်ပုံစာရင်းတွင် ပြန်လည်ရေးသွင်းနိုင်သည်။

"[၁၆-က။ ဆေးပညာဘွဲ့၊ ဒီပလိုမာလက်မှတ်၊ သို့တည်းမဟုတ် အခြားလက်မှတ် ရရှိသူတိုင်း ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်ရုံးရှိ ဆရာဝန် အမည်စာရင်းတွင် အမည်တင်သွင်းခြင်း။

။ (၁) ဤအက်ဥပဒေ အခြားနေရာများတွင် ပါရှိသည့်ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ —

(က) ဆေးပညာဘွဲ့၊ ဒီပလိုမာ လက်မှတ်၊ သို့တည်းမဟုတ် အခြားလက်မှတ် ရရှိသူတိုင်းသည်၊ ဆရာဝန်အမည်စာရင်းတွင် အမည်တင်သွင်းရန်ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်ထံသို့ လျှောက်ထားရမည်။

(ခ) ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက်နေ့ထက်စော၍ အောင်လက်မှတ်ရပြီးသူများကို၊ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ဂ) ၁၉၆၀ ပြည့်နှစ်၊ မတ်လ ၁ ရက် နေ့ထက် နောက်ကျ၍ အောင်လက်မှတ်ရသူများအနက် —

(កក) ကျန်းမာရေးဌာနက အသိအမှတ်ပြုသည့် ဆေးရုံတစ်ခုခုတွင် အနည်းဆုံး တစ်နှစ်မျှ လက်တွေ့သင်ကြားပြီးသူကို၊ ဆရာဝန် အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(ခ) ကျန်ရှိသောသူများကို၊ ဆေးရုံတစ်ခုခု၌ တစ်နှစ်မျှ လက်တွေ့သင်ကြားရန်၊ ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်က ညွှန်ကြားရမည်။ သက်ဆိုင်ရာဆေးရုံအုပ်ချုပ်သူထံမှ တစ်နှစ်မျှကျေနပ်စွာ လက်တွေ့သင်ကြားပြီးကြောင်း ထောက်ခံချက်ရမှသာလျှင် ထိုကျန်ရှိသောသူများကို ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

(၂) မည်သူမျှကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်ရုံးက ထုတ်ပေးသောမှတ်ပုံတင်လက်မှတ်မရှိလျှင်၊ ဆေးကုသခြင်းလုပ်ငန်း မလုပ်ကိုင်ရ။

(၃) မည်သူမဆို၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်တစ်ခုခုကို လိုက်နာရန် ပျက်ကွက်လျှင်၊ သို့တည်းမဟုတ် ဆန့်ကျင်လျှင်၊ နှစ်နှစ်မှ ငါးနှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။

(၄) နိုင်ငံတော် တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ ဤပုဒ်မပါ ပြဋ္ဌာန်းချက်များ အထမြောက်စေရန် နည်းဥပဒေများ ပြုနိုင်သည်။][၁၃]

သေဆုံးသည့်အကြောင်းကြားစာ။

၁၇။ ။ မွေးဖွားခြင်းနှင့် သေဆုံးခြင်းဆိုင်ရာ မှတ်ပုံတင်အရာရှိတိုင်း၊ မှတ်ပုံဝင်ဆရာဝန်ဖြစ်ကြောင်း၊ မိမိသိရှိရသူတစ်ဦးတစ်ယောက် သေဆုံးသည့်တိုင်ချက်ကိုရရှိလျှင်ရရှိခြင်း ထိုသို့ သေဆုံးကြောင်း မိမိလက်မှတ်ရေးထိုးသော သက်သေခံလက်မှတ်ကို သေဆုံးသည့်အချိန်နှင့် နေရပ်ပါဖော်ပြလျက် ဤအက်ဥပဒေအရ ခန့်ထားသော မှတ်ပုံတင်အရာရှိထံသို့ စာပို့တိုက်မှ ပေးပို့ရမည်။ အဆိုပါ သက်သေခံလက်မှတ်အတွက် ကုန်ကျစရိတ်ကို မိမိ၏ရုံးသုံးစရိတ်အဖြစ် ကျခံရမည်။

---

*(၁၃) ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာအက်ဥပဒေကို ပြင်သည့်ဥပဒေ (၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၅၊ ၁၆-၅-၆၂) ဖြင့် ဖြည့်စွက်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၆၂ ခုနှစ်၊ ဇွန်လ (၂) ရက်၊ စာမျက်နှာ-၆၇၃။)*

မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို ကောင်စီသို့ အယူခံဝင်ခြင်း။

၁၈။ ။ (၁) မည်သူမဆို၊ မိမိ၏အမည်ကိုဖြစ်စေ၊ ဆေးပညာဘွဲ့စသည့် အရည်အချင်းတစ်ခုခုကို ဖြစ်စေ၊ မှတ်ပုံတင်အရာရှိက မှတ်ပုံစာရင်းတွင် မရေးသွင်းလို၊ ၎င်းဆိုသည့်ဆုံးဖြတ်ချက်ကို မကျေနပ်လျှင်၊ ထိုဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

(၂) အဆိုပါကိစ္စနှင့်စပ်လျဉ်း၍၊ ကောင်စီ၏ဆုံးဖြတ်ချက်သည် အဆုံးသတ်အပြီးအပြတ်ဖြစ်စေ ရမည်။

မှတ်ပုံစာရင်းကို ကောင်စီက ပြင်ဆင်ခြင်း။

၁၉။ ။ မှတ်ပုံစာရင်းတွင် ရေးသွင်းချက်တစ်ခုခုမှာ လိမ်လည်၍သော်လည်းကောင်း၊ မှားယွင်း၍သော်လည်းကောင်း၊ ပြုလုပ်ထည့်သွင်းထားသည်ဟု ကောင်စီအား ကျေနပ်အောင်သက်သေထင်ရှားပြခဲ့လျှင်၊ ကောင်စီသည် သင့်သည်ဟု ထင်မြင်သည့်အတိုင်း သက်ဆိုင်သူအား အကြောင်းကြားပြီးနောက် ကန့်ကွက်ချက်များ ရှိလျှင်၊ ထို့ကန့်ကွက်ချက်များကို စုံစမ်းစစ်ဆေးပြီးသည့်အခါ၊ ထိုရေးသွင်းချက်ကို၊ မှတ်ပုံစာရင်းမှ ထုတ်ပယ်ရန်၊ သို့တည်းမဟုတ် ပြင်ဆင်ရန်သင့်သည်ဟု ထင်မြင်လျှင်၊ ထိုသို့ထင်မြင် သည့်အတိုင်း အမိန့်ချမှတ်နိုင်သည်။

စွဲကပ်လာသော ရောဂါကြောင့် အရည်အချင်း ပျက်ယွင်းခြင်း။

၂၀။ ။ မှတ်ပုံဝင် ဆရာဝန်ဖြစ်ပြီးသူ တစ်ဦးဦးမှာ —

(က) စိတ္တဇ ရောဂါ စွဲကပ်သူ၊ သို့တည်းမဟုတ် တွေဝေထိုင်းမှိုင်းစေသော ဆေးစွဲသူဖြစ်လာလျှင် သော်လည်းကောင်း၊

(ခ) နားမကြားသူ၊ ဆွံ့အသူ၊ သို့တည်းမဟုတ် မျက်မမြင်သူ ဖြစ်လာလျှင်သော်လည်းကောင်း၊

ကောင်စီက ထိုဆရာဝန်၏ အမည်ကို မှတ်ပုံစာရင်းမှ ထုတ်ပယ်ရန် အမိန့်ချမှတ်ရမည်။ ထိုဆရာဝန်သည် မှတ်ပုံစာရင်းမှ ထုတ်ပယ်ခြင်းခံစေသည့် အပိုဒ် (က) နှင့် (ခ) တွင် ဖော်ပြသည့်အကြောင်းမှ ကင်းပျောက်သည့်အခါ ကောင်စီက နည်းဥပဒေဖြင့် သတ်မှတ်သည့်အခကြေးငွေကို ထိုဆရာဝန်ပေးဆောင်လျှင်၊ ၎င်းအား ပြန်လည် မှတ်ပုံတင်သွင်းနိုင်သည်။

၂၁။ ။ (၁) မည်သူမဆို —

*ပြစ်မှုအချို့ ကျူးလွန်ခြင်းကြောင့် အရည်အချင်း ပျက်ယွင်းခြင်း။*

(က) အကျင့်စာရိတ္တ ပျက်ပြားရာ ရောက်သည်ဟု ကောင်စီက ထင်မြင်သည့်ပြစ်မှုဖြင့် တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်း ခံရသူဖြစ်လျှင်၊ သို့တည်းမဟုတ်၊

(ခ) ကောင်စီက နည်းလမ်းတကျ စုံစမ်းစစ်ဆေးပြီး နောက် (ထိုသို့ စုံစမ်းစစ်ဆေးရာတွင်၊ ထိုသူသည် ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ချေပ အကြောင်းပြခွင့်ရရှိပြီးဖြစ်လျက်) ပညာရှင်လုပ်ငန်းနှင့် စပ်လျဉ်း၍ မအပ်မရာကျင့် မိစ္ဆာပြုကျင့်ကြောင်း ကောင်စီက ဆုံးဖြတ်လျှင်၊ ကောင်စီသည်၊ ထိုသူနှင့် စပ်လျဉ်းသည့်ကိစ္စကို၊ မှတ်ပုံတင်အရာရှိက တင်ပြသောကြောင့်ဖြစ်စေ၊ အခြား တစ်နည်းကြောင့်ဖြစ်စေ သိရှိလျှင် ထိုသူအား မှတ်ပုံတင်ခွင့် မပေးလို ငြင်းဆိုနိုင်သည်။ သို့တည်းမဟုတ် ထိုသူမှာ မှတ်ပုံဝင် ဆရာဝန်ဖြစ်ခဲ့လျှင်၊ မှတ်ပုံစာရင်းမှ ထာဝစဉ်သော်လည်းကောင်း၊ သတ်မှတ်သည့် အချိန်ကာလ အပိုင်း အခြားအတွက်သော်လည်းကောင်း၊ မှတ်ပုံစာရင်းမှ ထုတ်ပယ်ရန် အမိန့်ချမှတ် နိုင်သည်။

(၂) မည်သူမဆို ဤပုဒ်မအရ ကောင်စီက ချမှတ်သည့်အမိန့်ကို မကျေနပ်ခဲ့လျှင်၊ ချမှတ်သည့် နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း၊ နိုင်ငံတော်သမ္မတထံ အယူခံဝင်ခွင့်ရှိသည်။ နိုင်ငံတော်သမ္မတ ချမှတ်သည့်အမိန့်သည် အဆုံးသတ်အပြီးအပြတ် ဖြစ်ရမည်၊ နောက်ထပ်အယူမခံရ။

"[(၃) ဤအက်ဥပဒေ အခြားနေရာတွင် မည်သို့ပင် ပါရှိစေကာမူ၊ မှတ်ပုံဝင်ဆရာဝန် တစ်ဦးဦးသည်၊ ရာဇသတ်ကြီး ပုဒ်မ ၃၁၂၊ ၃၁၂-က၊ ၃၁၂-ခ၊ ၃၁၂-ဂ၊ ၃၁၂-ဃ၊ ၃၁၃၊ ၃၁၄၊ သို့တည်းမဟုတ် ပုဒ်မ ၃၁၅ အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်၊ ကောင်စီက၊ ထိုဆရာဝန်၏အမည်ကို၊ မှတ်ပုံစာရင်းမှလည်းကောင်း၊ ကျန်းမာရေးဌာန၊ ညွှန်ကြားရေးဝန်က၊ ထိုဆရာဝန်၏ အမည်ကို၊ ဆရာဝန် အမည်စာရင်းမှလည်းကောင်း ထုတ်ပယ်ရမည်။

ခြွင်းချက် ။ ။ သို့ရာတွင် ထိုဆရာဝန်က အယူခံလျှင်၊ အယူခံမှု အပြီးအပြတ် ဆုံးဖြတ်ပြီးမှ၊ သို့တည်းမဟုတ် အယူမခံလျှင်၊ အယူခံရန်သတ်မှတ်ထားသည့် ကာလအပိုင်း အခြားစေ့ကုန်ပြီးမှ၊ ဤပုဒ်မခွဲအရ အရေးယူဆောင်ရွက်ရမည်။]"[၁၄]

(၁၄) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကိုပြင်သည့် ဥပဒေ (၁၉၆၃ ခုနှစ်၊ တော်လှန်ရေးကောင်စီ ဥပဒေ အမှတ် ၅၊ ၁၈-၂-၆၃) ဖြင့် ဖြည့်စွက်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၆၃ ခုနှစ်၊ ဧပြီလ (၆) ရက်၊ စာမျက်နှာ -၄၀၃။)

**စုံစမ်းစစ်ဆေးမှုများနှင့် အယူခံမှုများ။**

၂၂။ ။ (၁) ကောင်စီသည်၊ ပုဒ်မ ၁၉၊ သို့တည်းမဟုတ် ပုဒ်မ ၂၁ အရ၊ စုံစမ်းစစ်ဆေးမှု မည်သည်ကိုမဆို၊ သို့တည်းမဟုတ် ပုဒ်မ ၁၈ အရ၊ အယူခံမှုများကို ကောင်စီ ဥက္ကဋ္ဌနှင့် ကောင်စီ ရွေးကောက်တင်မြှောက်သော ကောင်စီလူကြီး ငါးဦးပါဝင်သည့် အမှုဆောင်ကော်မတီက၊ စုံစမ်းစစ်ဆေးကြားနာရန်၊ နည်းဥပဒေဖြင့် ပြဋ္ဌာန်းနိုင်ခွင့်ရှိသည်။ ကောင်စီသည်၊ အဆိုပါပုဒ်မများအရ၊ အထူးစုံစမ်းစစ်ဆေးမှု တစ်ခုခုပြုလုပ်ရန် သော်လည်းကောင်း၊ အထူးအယူခံမှု ဘစ်ခုခုကြားနာရန်သော်လည်းကောင်း၊ ကောင်စီလူကြီးသုံးဦး၊ သို့တည်းမဟုတ် သုံးဦးထက်ပိုမိုသော ကောင်စီလူကြီးများပါဝင်သည့် အထူးကော်မတီကိုလည်း၊ ရွေးကောက် တင်မြှောက်ထားခွင့်ရှိသည်။ အဆိုပါအမှုဆောင်ကော်မတီ၊ သို့တည်းမဟုတ် အထူး ကော်မတီ၏ ဆုံးဖြတ်ချက်မှာ ကောင်စီ၏ဆုံးဖြတ်ချက်ဖြစ်သည်ဟု မှတ်ယူစေရမည်။

(၂) ကောင်စီကဖြစ်စေ၊ ပုဒ်မခွဲ (၁) အရ ဆောင်ရွက်သော ကော်မတီကဖြစ်စေ ပုဒ်မ ၁၉၊ သို့တည်းမဟုတ် ပုဒ်မ ၂၁ အရ၊ စုံစမ်းစစ်ဆေးရာ၌ မိမိ၏သဘောအလျောက် လူအများမကြားသာ အောင် ပြုလုပ်နိုင်ခွင့်ရှိသည်။

(၃) အဆိုပါ စုံစမ်းစစ်ဆေးမှု၊ သို့တည်းမဟုတ် အယူခံမှုတစ်ခုခုအတွက် ကောင်စီ၊ သို့တည်း မဟုတ် ပုဒ်မခွဲ (၁) အရ ဆောင်ရွက်ရသော ကော်မတီမှာ တရားရုံးဖြစ်သည်ဟု မှတ်ယူစေရမည်။ ထို့မှတစ်ပါး ထိုကောင်စီ၊ သို့တည်းမဟုတ် ထိုကော်မတီမှာ ပြည်သူ့ဝန်ထမ်း (စုံစမ်းစစ်ဆေးမှု) အက်ဥပဒေအရ ခန့်ထားသောကော်မရှင်အဖွဲ့ဝင်လူကြီး၏ အခွင့်အာဏာများကို အသုံးပြုရမည်။ အဆိုပါ စုံစမ်းစစ်ဆေးမှုနှင့် အယူခံမှုအသီးသီးကို၊ ကောင်စီက နည်းဥပဒေဖြင့် ပြဋ္ဌာန်းသည့် စည်းကမ်းနည်းလမ်းအတိုင်း ပြုလုပ်ကြားနာရမည်။ ထို့မှတစ်ပါး တတ်နိုင်သမျှ ပြည်သူ့ဝန်ထမ်း (စုံစမ်းစစ်ဆေးမှု) အက်ဥပဒေ ပုဒ်မ ၅ နှင့် ၈ မှ ၂၀ ထိပါ ပြဋ္ဌာန်းချက်များနှင့်အညီလည်း ပြုလုပ်ကြားနာနိုင်သမျှ ပြုလုပ်ကြားနာရမည်။ ထို့ပြင် အဆိုပါကောင်စီ၊ သို့တည်းမဟုတ် ကော်မတီသည် စွဲချက်အသီးသီးပေါ်တွင် ချမှတ်သည့် ဆုံးဖြတ်ချက်ကို သီးခြားမှတ်တမ်းတင်ရမည်သာမက အမှုတစ်ခုလုံးပေါ်တွင် မိမိသင့်သည် ထင်မြင်သည့် ဝေဖန်ချက်များကိုလည်း မှတ်တမ်းတင်ထားရမည်။

**မှတ်ပုံစာရင်းတွင် ပြန်လည် ရေးသွင်းခြင်း။**

၂၃။ ။ ကောင်စီမှာ မှတ်ပုံစာရင်းမှ ထုတ်ပယ်ထားသော ရေးသွင်းချက် မည်သည်ကိုမဆို ပြန်လည်ရေးသွင်းရန် အမိန့်ချမှတ်နိုင်ခွင့် ရှိသည်။

**တရားမမှုများနှင့် အခြားအမှုများ စွဲဆိုခြင်းကို တားမြစ်ခြင်း။**

၂၄။ ။ နိုင်ငံတော်သမ္မတအားသော်လည်းကောင်း၊ ကောင်စီအားသော်လည်းကောင်း၊ ကော်မတီအားသော်လည်းကောင်း ၊မှတ်ပုံတင်အရာရှိအားသော် လည်းကောင်း ဤအက်ဥပဒေဖြင့်ဖြစ်စေ၊ ဤ အက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေတစ်ခုခုဖြင့်ဖြစ်စေ အပ်နှင်းသည့်အာဏာကို အသုံးပြု၍သဘောရိုးဖြင့်

ဆောင်ရွက်မှုနှင့်စပ်လျဉ်းသော တရားမမှု၊ သို့တည်း မဟုတ် အခြားမည်သည်ကိုမဆို စွဲဆိုခြင်းမပြုစေရ။

၂၅။ နှစ်စဉ်စာရင်း။ ။ (၁) မှတ်ပုံတင်အရာရှိသည်၊ နှစ်စဉ်ကောင်စီက၊ ဤကိစ္စအလို့ငှာ သတ်မှတ်ရမည့် နေ့ရက်တွင်ဖြစ်စေ၊ ထိုနေ့ရက်မတိုင်မီဖြစ်စေ၊ အခါအားလျော်စွာ မှတ်ပုံဝင်ဆရာဝန်စာရင်းကို၊ မှန်ကန်စွာ ပုံနှိပ်ထုတ်ဝေစေရမည့်ပြင်၊ အဆိုပါ စာရင်းတွင် အောက်ပါအကြောင်းအရာများကိုလည်း ဖော်ပြရမည်။

(က) မှတ်ပုံစာရင်းတွင် ရေးသွင်းထားသည့်အမည်အားလုံး၊ ထိုအမည်များ၏ နောက်ဆုံးစကားရပ်ကို အက္ခရာစဉ်အတိုင်း စီစဉ်ထားရမည်။ ထို့ပြင်

[(ခ)][၁၅]ထိုမှတ်ပုံဝင် ဆရာဝန်အသီးသီး၏ မှတ်ပုံတင်ဆေးပညာဘွဲ့စသည့် အရည် အချင်းများနှင့် ထိုဘွဲ့အရည်အချင်း အသီးသီးရရှိသည့်နေ့ရက်။

[(ဂ)][၁၆] တရားရုံးအသီးသီးသည်၊ ထိုနှစ်စဉ်စာရင်းများအနက်၊ နောက်ဆုံးစာရင်းတွင် အမည်ရေးသွင်းထားသူအသီးသီးကို၊ မှတ်ပုံဝင်ဆရာဝန်ဟူ၍လည်းကောင်း၊ ထိုသို့ အမည်ရေးသွင်းမထားသူ အသီးသီးကို၊ မှတ်ပုံဝင်ဆရာဝန်မဟုတ်ဟူ၍လည်းကောင်း၊ မှတ်ယူစေရမည်။

ခြွင်းချက် ။ ။ သို့ရာတွင် အဆိုပါစာရင်းတွင် အမည်ပါသင့်သော်လည်း မပါသူတစ်ဦးဦးဖြစ်လျှင်၊ မှတ်ပုံစာရင်းတွင် ထိုသူ၏အမည် ရေးသွင်းထားရှိကြောင်း [ကောင်စီဥက္ကဋ္ဌ] [၁၇] က မှန်ကန်သည်ဟု ဝန်ခံလက်မှတ်ရေးထိုးသည့်မိတ္တူသည်၊ ထိုသူမှတ်ပုံဝင်ဆရာဝန်ဖြစ်ကြောင်း ထင်ရှားသည့် သက်သေခံ ဖြစ်ရမည်။

---

*(၁၅) ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၈ ခုနှစ် အက်ဥပဒေအမှတ် ၅၊ ၈-၃-၅၈) ဖြင့် ပြန်လည်အက္ခရာစဉ်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၈ ခုနှစ်၊ မတ်လ (၂၂) ရက်၊ စာမျက်နှာ -၆၅၈။)*

*(၁၆) ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၈ ခုနှစ် အက်ဥပဒေအမှတ် ၅၊ ၈-၃-၅၈) ဖြင့် ပြန်လည်အက္ခရာစဉ်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၈ ခုနှစ်၊ မတ်လ (၂၂) ရက်၊ စာမျက်နှာ -၆၅၈။)*

*(၁၇) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၁၉၈၉ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃၊ ၂၄-၁-၈၉) ဖြင့် အစားထိုးပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်၊ စာမျက်နှာ -၉၄။)*

၂၆။ ။(၁) တရားဥပဒေအရ လိုအပ်သည့်ဆေးလက်မှတ် မည်သည်ကိုမျှ မှတ်ပုံဝင်ဆရာဝန်

**မှတ်ပုံတင်မထားသူများ** က လက်မှတ်မရေးထိုးလျှင် ထိုလက်မှတ်သည် တရားဝင် ဆေးလက်မှတ်

**မဆောင်ရွက်နိုင်သည့်ကိစ္စများ။** ဖြစ်သည်ဟု မမှတ်ယူစေရ။

(၂) နိုင်ငံတော်သမ္မတ၏ အထူးခွင့်ပြုချက်နှင့် မှတစ်ပါး၊ မည်သူမျှ မှတ်ပုံဝင်ဆရာဝန်မဟုတ်လျှင်၊ ပြည်သူ့ရန်ပုံငွေ၊ သို့တည်းမဟုတ် ထောက်ပံ့ရေးငွေများဖြင့်သော်လည်း ကောင်း၊ အများပိုင်ကုမ္ပဏီတစ်ခုခု၏ ရန်ပုံငွေ၊ သို့တည်းမဟုတ် ထောက်ပံ့ငွေများဖြင့်သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ လုံးဝဖြစ်စေ၊ ထောက်ပံ့ထားသည့်ဆေးပေးရုံ၊ ဆေးကုရုံအမျိုးမျိုး၊ သို့တည်းမဟုတ် သားဖွားရုံ အမျိုးမျိုးတွင်၊ ကျန်းမာရေး၊ ဆေးပေးရေး၊ သို့တည်းမဟုတ် ခွဲစိတ်ရေး ဆရာဝန်အဖြစ် သို့တည်းမဟုတ် ဆေးဘက်ဆိုင်ရာ အခြားအရာရှိအဖြစ် အမှုထမ်းခွင့် မရှိစေရ။

(၃) မည်သူမျှ အောက်တွင်ဖော်ပြထားသူမဟုတ်လျှင်၊ မိမိ၏အမည် တွင် "ဒေါက်တာ"၊ သို့တည်း မဟုတ် "ဆရာဝန်" ("Dr." or "Doctor") ဟု ထည့်တပ်ခြင်းမပြုစေရ။

(က) တည်ဆဲတရားဥပဒေတစ်ရပ်ရပ်ဖြင့် အသိအမှတ်ပြုထားသောဘွဲ့ကို လက်ရှိ ဖြစ်သူ၊ သို့တည်းမဟုတ်

(ခ) မှတ်ပုံဝင်ဆရာဝန်ဖြစ်သူ

"[၂၇။ ။(၁) မည်သူမဆို၊ မှတ်ပုံဝင်ဆရာဝန်မဟုတ်ဘဲလျက်၊ မှတ်ပုံဝင်ဆရာဝန်ယောင်ဆောင်

**ပြစ်ဒဏ်များ။** လျှင်၊ ထိုသို့ အယောင်ဆောင်ခြင်းကြောင့် လူတစ်ဦးတစ်ယောက် အလိမ်ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ ငါးနှစ်မှ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။

(၂) မည်သူမဆို၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (၃) ပါ ပြဋ္ဌာန်းချက်ကို ဆန့်ကျင်လျှင်၊ ငါးနှစ်မှ ဆယ်နှစ်ထိ အလုပ်ကြမ်းနှင့် ထောင်ဒဏ်အပြင်၊ ငွေဒဏ်လည်း စီရင်ခြင်းခံရမည်။][(၁၈)]

[၂၈။ xxxxxxxxxxxxxx][(၁၉)]

---

(၁၈)၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ (ပြင်ဆင်ချက်) အက်ဥပဒေ (၁၉၅၈ ခုနှစ် အက်ဥပဒေအမှတ် ၅၊ ၈-၃-၅၈) အရလည်းကောင်း၊ ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ (၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၈၊ ၂၃-၅-၆၂) အရလည်းကောင်း အစားထိုးပြင်ဆင်သည်။

(၁၉)၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ (၁၉၆၂ ခုနှစ်၊ တော်လှန်ရေး ကောင်စီဥပဒေအမှတ် ၈၊ ၂၃-၅-၆၂) ဖြင့် ပယ်ဖျက်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၆၂ ခုနှစ်၊ ဇွန်လ (၉) ရက်၊ စာမျက်နှာ -၇၁၇။)

၁၉။ အခကြေးငွေများကို စီမံခန့်ခွဲခြင်း။ ။ ဤအက်ဥပဒေအရ ကောက်ခံသောအခကြေးငွေအားလုံးနှင့် ကောင်စီကရရှိသော အခြားကြေးငွေများကို၊ ဤအက်ဥပဒေပါကိစ္စများအတွက် နိုင်ငံတော် သမ္မတက ပြုလုပ်သည့် နည်းဥပဒေများနှင့်အညီ အသုံးပြုရမည်။ ထိုနည်းဥပဒေများမှာ တရားဥပဒေကဲ့သို့ အာဏာရှိရမည်။

၂၀။ နည်းဥပဒေများ။ ။ (၁) ကောင်စီသည် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ရန် အလို့ငှာ၊ နည်းဥပဒေများ ပြုလုပ်နိုင်သည်။

(၂) ကောင်စီက ပြုသော မည်သည့်နည်းဥပဒေမျှ နိုင်ငံတော်သမ္မတက အတည်မပြုမခြင်း အာဏာတည်ခြင်း မရှိစေရ။

(၃) အဆိုပါ နည်းဥပဒေအသီးသီးကို ထိုသို့အတည်ပြုပြီးသည့်အခါ ၊ ပြန်တမ်းတွင် ကြေညာ ရမည်။ ထိုသို့ ကြေညာသည့်အခါ ထိုဥပဒေများမှာ တရားဥပဒေကဲ့သို့ အာဏာရှိရမည်။

၂၁။ ကြီးကြပ်အုပ်ချုပ်ခြင်း။ ။ ကောင်စီသည် ၎င်းအား ဤအက်ဥပဒေအရ အပ်နှင်းထားသော အာဏာတစ်စုံတစ်ရာကို အသုံးမပြု ပျက်ကွက်ခဲ့သည်ဟူ၍ သော်လည်းကောင်း၊အကြောင်းမတန်အသုံးမပြုခဲ့သည်ဟူ၍သော်လည်းကောင်း၊ အလွဲအသုံးပြုခဲ့သည်ဟူ၍သော်လည်းကောင်း၊ ၎င်းအား ဤအက်ဥပဒေအရပေးအပ်သော တာဝန်ဝတ္တရား မည်သည်ကိုမဆို၊ မဆောင်ရွက်ဘဲ ပျက်ကွက်သည်ဟူ၍သော်လည်းကောင်း၊ မည်သည့်အခါမဆို၊ နိုင်ငံတော်သမ္မတ က သဘောရရှိလျှင်၊ ထိုသို့ပျက်ကွက်မှု၊ အကြောင်းမတန်အသုံးပြုမှု၊ သို့တည်းမဟုတ် အလွဲအသုံးပြုမှုနှင့် စပ်လျဉ်းသည့် အကြောင်းအချက်များကို၊ ကောင်စီအား ကြားသိစေနိုင်သည်။ ကောင်စီသည် နိုင်ငံတော်သမ္မတက ဤကိစ္စအလို့ငှာ၊ သတ်မှတ်ထားသောအချိန်ကာလ အပိုင်းအခြားအတွင်း အဆိုပါ ပျက်ကွက်မှု အကြောင်းမတန် အသုံးပြုမှု၊ အလွဲအသုံးပြုမှု ပပျောက်အောင်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့လျှင်၊ နိုင်ငံတော်သမ္မတသည် အဆိုပါပျက်ကွက်မှုအကြောင်းမတန် အသုံးပြုမှု၊ အလွဲအသုံးပြုမှု ပပျောက်အောင်ဆောင်ရွက်ရန် ကောင်စီအာဏာနှင့် တာဝန်ဝတ္တရားတစ်စုံတစ်ရာကို၊ သင့်သည် ထင်မြင်သည့် အာဏာပိုင်အဖွဲ့အား၊ သင့်သည် ထင်မြင်သည့်အချိန်ကာလ အပိုင်းအခြား အတွင်း ဆောင်ရွက်စေရန် လွှဲအပ်နိုင်သည်။

၂၂။ ရုပ်သိမ်းခြင်း။ ။ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာအက်ဥပဒေ(The Myanmar Medical Act)ကိုလည်းကောင်း၊ ထိုအက်ဥပဒေကို၊ ပြင်ဆင်သည့် (ပြင်ဆင်ချက်) အက်ဥပဒေများကိုလည်းကောင်း၊ ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။ ထိုသို့ ရုပ်သိမ်းစေကာမူ၊ ထိုအက်ဥပဒေအရသော်လည်းကောင်း၊ ထိုအက်ဥပဒေအား

ဖြင့်သော်လည်းကောင်း အပ်နှင်းထားသောအာဏာများကို အသုံးပြုသည့် အနေဖြင့် ပြုလုပ်သည့်အရာ၊ သို့မဟုတ် အရေးယူသည့် ဆောင်ရွက်ချက်အားလုံးသည် ဤအက်ဥပဒေအရသော်လည်းကောင်း၊ ဤအက်ဥပဒေဖြင့်သော်လည်းကောင်း အပ်နှင်းထားသော အာဏာများကို အသုံးပြုသည့် အနေဖြင့် ပြုလုပ်ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

ခြွင်းချက် ။ ။ သို့ရာတွင် မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေအရ ထားရှိသည့် မှတ်ပုံစာရင်းတွင် အမည်ပါရှိသော ဆရာဝန်များသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များအရ ထားရှိသည့် မှတ်ပုံစာရင်းတွင် အမည်တင်သွင်းရမည်။ ထိုဆရာဝန်များသည် ထိုသို့အမည်တင်သွင်းခြင်းနှင့် စပ်လျဉ်း၍ကောင်စီက နည်းဥပဒေဖြင့် သတ်မှတ်သည့်အခကြေးငွေကို ပေးဆောင်ရန်မလိုအပ်စေရ။

*အကူးအပြောင်းကာလ ပြဋ္ဌာန်းချက်များ။*

[၃၃။ ။(၁)မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာအက်ဥပဒေ(The Myanmar Medical Act) အရ ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံဆေးကောင်စီသည်၊ ဤအက်ဥပဒေ စတင်အာဏာတည်သည့်နေ့ရက်တွင် ဤအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် ပြည်ထောင်စုမြန်မာနိုင်ငံ ဆေးကောင်စီဖြစ်သည်ဟု မှတ်ယူရမည့်ပြင်၊ ဤအက်ဥပဒေဖြင့် အပ်နှင်းထားသော အာဏာနှင့်တာဝန်ဝတ္တရား များကိုလည်း သုံးစွဲဆောင်ရွက်ရမည်။ ထို့ပြင် မြန်မာနိုင်ငံဆေးကောင်စီလူကြီးများသည်၊ ဤအက်ဥပဒေ ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စု မြန်မာနိုင်ငံ ဆေးကောင်စီ ဖွဲ့စည်းတည်ထောင်သည့်နေ့ရက်တွင် ရာထူးမှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) ဤအက်ဥပဒေစတင်အာဏာတည်သည့်နေ့ရက်တွင် မြန်မာနိုင်ငံဆေးကောင်စီ၌ အမှုထမ်းနေသော မှတ်ပုံတင်အရာရှိ၊ အခြားအရာရှိများ၊ စာရေးစာချီများ၊ အောက်တန်းအမှုထမ်းများကိုလည်း ပုဒ်မ ၁၀ အရ ခန့်ထားပြီးဖြစ်ဘိသကဲ့သို့ ဤအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်သော ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီ၌ ဆက်လက်အမှုထမ်းရွက်စေရမည်။][၂၁]

---

*(၂၀) ၁၉၅၉ ခုနှစ်၊ မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ (ပြင်ဆင်ချက်) အက်ဥပဒေ(၁၉၅၉ ခုနှစ် အက်ဥပဒေ အမှတ် ၂၄၊ ၂၁-၉-၅၉) ဖြင့် ဖြည့်စွက်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၅၉ ခုနှစ်၊ အောက်တိုဘာလ (၃) ရက်၊ စာမျက်နှာ -၁၈၅၂။)*

*(၂၁) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတော်ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၉၈၉ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၃၊ ၂၄-၁-၈၉) ဖြင့် အစားထိုးပြင်ဆင်သည်။ (မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း -၁၊ ၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇) ရက်၊ စာမျက်နှာ -၉၄။)*

## ဇယား

၁။ ပြည်ထောင်စုမြန်မာနိုင်ငံရှိ [ဆေးတက္ကသိုလ်တစ်ခုခုမှ](၂၁) ဆေးပါရဂူဘွဲ့ (M.D.)၊ ဆေးဝိဇ္ဇာဘွဲ့ (M.B.)၊ သို့တည်းမဟုတ် ဆေးကုဘွဲ့ (L.M.)၊ ကိုသော်လည်းကောင်း၊ ခွဲစိတ်ကုမဟာဝိဇ္ဇာဘွဲ့ (M.S.)၊ ခွဲစိတ်ကု ဝိဇ္ဇာဘွဲ့ (B.S.)၊ သို့တည်းမဟုတ် ခွဲစိတ်ကုဘွဲ့၊ (L.M.S) ကိုသော်လည်းကောင်း၊ ရရှိသူအသီးသီး။

၂။ မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ စာစစ်အဖွဲ့က၊ ဒီပလိုမာ လက်မှတ်၊ သို့တည်းမဟုတ် ဆရာဝန်လေးလက်မှတ် (L.M.P) ရရှိသူ အသီးသီး။

၃။ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ ဂျပန်ခေတ်အတွင်း ဖွဲ့စည်းတည်ထောင်ခဲ့သော နိုင်ငံတော်ဆေးဘက်ဆိုင်ရာအဖွဲ့က ထုတ်ပေးသည့် လိုင်စင်ရရှိသူအသီးသီး။

၄။ မှတ်ပုံတင်ကိစ္စအတွက် ကောင်စီနှင့် အတုံ့အပြန် အခွင့်အရေးပေးရန် သဘောတူညီချက် ရရှိပြီးဖြစ်သော တိုင်းတစ်ပါးမှ ဆေးဘက်ဆိုင်ရာ အရည်အချင်းဘွဲ့ရရှိသူအသီးသီး။

၅။ မှတ်ပုံတင်ကိစ္စအတွက် ကောင်စီနှင့် အတုံ့အပြန် အခွင့်အရေးပေးရန် သဘောတူညီချက် မရှိသည့် တိုင်းတစ်ပါးမှ ဆေးဘက်ဆိုင်ရာ အရည်အချင်းဘွဲ့ရရှိသော်လည်း၊ ကောင်စီက ခန့်ထားသည့် အထူးစာစစ်သူများအဖွဲ့မှ ကျင်းပသောစာမေးပွဲကို အောင်မြင်သူအသီးသီး။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်။
(၁၉၅၇ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။